**ကလေးများ လက်လှမ်းမမီသောနေရာတွင် လုံခြုံစွာသော့ခတ်သိမ်းဆည်းပါ။**

### ကြိုတင်ကာကွယ်ခြင်း

ဆေးဖျန်းစဉ်အတွင်း အကာအကွယ်အဝတ်အစားများ၊ လက်အိတ်၊ မျက်မှန်၊ မျက်နှာဖုံးများဝတ်ဆင်ပါ။ ဆေးဖျန်းစဉ်နှင့် ဆေးကိုင်တွယ်အသုံးပြုစဉ်အတွင်း အစာမစားရ။ ရေမသောက်ရ။ ဆေးလိပ်မသောက်ရ။ လေကိုဆန်၍ ဆေးမဖျန်းရ။ ဆေးဖျန်းပြီးပါက အကာအကွယ်အဝတ်အစားများကို ချွတ်ပြီး ဆပ်ပြာ၊ ရေတို့ဖြင့် လျှော်ဖွပ်ပါ။ အစာမစားမီ၊ ရေမသောက်မီ၊ ဆေးလိပ်မသောက်မီ လက်ကို သေချာစွာ ဆေးကြောပါ။ ဆေးဖျန်းပြီး အခင်းထဲသို့ ကျွဲ၊ နွားစသည့်တိရစ္ဆာန်များ မဝင်ရောက်စေရ။

### ရှေးဦးသူနာပြုစုခြင်း

အရေပြားကို ဆေးထိမိပါက ရေ၊ ဆပ်ပြာတို့ဖြင့် ချက်ချင်းဆေးကြောပါ။ မျက်စိအတွင်း ဝင်ရောက်ပါက (၁၅)မိနစ်ခန့်ကြာအောင် ရေများများဖြင့် ချက်ချင်းဆေးပါ။ ဆေးမှုန်ရှူမိပါက အဆိပ်သင့်လူနာကို လေကောင်းလေသန့်ရသောနေရာသို့ရွှေ့၍ အနားယူပါစေ။ လိုအပ်ပါက လူနာအသက်ရှူနိုင်အောင် ကူညီပေးပါ။ ဆေးမျိုချမိပါက လူနာသတိရနေသေးလျှင် ပလုပ် ချက်ချင်းကျင်းပြီး ရေ(၃၀၀)မီလီလီတာခန့် သောက်ပါစေ။ ဆေးကုသမှု ချက်ချင်းခံယူပါ။

### ဆေးကုသခြင်း

လူနာ၏လက္ခဏာအရ ဆေးကုသမှုခံယူပါ။

### သိုလှောင်ခြင်းနှင့်စွန့်ပစ်ခြင်း

အေး၍ခြောက်သွေ့ပြီး လေဝင်လေထွက်ကောင်းသောနေရာတွင် မူလအဖုံးပိတ်ထားသည့်အတိုင်း သိုလှောင်ပါ။ နေရောင်ခြည်တိုက်ရိုက်မထိစေရ။ အပူချိန် ၄၀ဒီဂရီစင်တီဂရိတ်ထက်ကျော်၍ မသိမ်းရ။ ဆေးဘူးခွံများကို ပြန်မသုံးရ။ ဆေးဘူးခွံများကို ဖျက်ဆီး၍ မြေမြှုပ်ပါ။ လူ့အစားအစာနှင့် တိရစ္ဆာန်စာများမှ ဝေးအောင်စွန့်ပစ်ပါ။ အင်းအိုင်၊ ချောင်းမြောင်းများအတွင်း မစွန့်ပစ်ရ။ မီးမရှို့ရ။

### သတိပြုရန်

ပျားများနှင့် ပုစွန်ကဲ့သို့သော ရေနေကျောရိုးမဲ့သတ္တဝါများကို အဆိပ်သင့်စေသည်။ ပျားများကို ထိခိုက်ခြင်းမှ ကာကွယ်ရန် ပန်းမပွင့်မီ အနည်းငယ်ဆုံး (၁၄)ရက်နှင့်ပန်းပွင့်ချိန်အတောအတွင်း ဤဆေးအသုံးပြုမှုကိုရှောင်ကြည်ပါ။ အနီးအနားရှိစပါးခင်း (သို့မဟုတ်) ပန်းပွင့်နေသောအပင်များကို ဆေးမှုန်မထိအောင်ရှောင်ပါ။ (ဥပမာ– ဆေးမှုန်လွင့်ခြင်း)။ ဆေးမှုန်တိုက်ရိုက်ထိထားသော ကောက်ရိုးများကို တိရစ္ဆာန်များအား မကျွေးရ။ ငါး၊ ပုစွန် စသည့်မွေးမြူရေးကန်များအနီးတွင် မသုံးရ။ –ဆေးထိမိလျှင် အရေပြားယားယံခြင်းနှင့် မျိုချမိပါက အန္တရာယ်ဖြစ်စေပါသည်။

မှတ်ပုံတင်အမှတ် .(Regd. No.) ........ F 2016 - 357 ........
ထုတ်လုပ်မှုအမှတ်စဉ် (BN) ........................................
ထုတ်လုပ်သည့်ရက်(DOM) ........................................
သက်တမ်းကုန်ဆုံးမည့်ရက် (Exp.) ........................................

# အက်ဆန့် ၅၀ အက်စ်စီ

ထိသေစားသေပင်လုံးပြန့်ပိုးသတ်ဆေး (ဆိုင်းတွဲဆေးရည်ပြင်း)

## ASCEND 50 SC

### Fipronil 5 % SC

ဆေးအုပ်စု - Phenylpyrazole

ပါဝင်သောပစ္စည်းများ

| | |
|---|---|
| အစွမ်းရှိပစ္စည်း – Fipronil | ၅ % |
| အစွမ်းမဲ့ပစ္စည်း | ၉၅ % |
| စုစုပေါင်း | ၁၀၀ % |

**1 Litre**

ထုတ်လုပ်သူ

**BASF SE, Ludwigshafen, DE**
**Carl-Bosch-Str. 38**
**67056 Ludwigshafen, Germany**

ဖြန့်ဖြူးသူ

**GOLDEN LION HIGH TECH AGRICULTURAL CO., LTD.**
အမှတ်– ၂၄၂၊ ကနောင်မင်းသားကြီးလမ်း၊ လှိုင်သာယာစက်မှုဇုံ(၂)၊
ရန်ကုန်မြို့၊ မြန်မာ။ ဖုန်း – +၉၅-၁-၆၈၃၄၅၀၊ ၆၈၃၁၀၃၊ ၆၈၂၆၀၆

BASF
We create chemistry

အဆိပ်ဖြစ်မှုအဆင့်အတန်း– GHS အုပ်စု (၃)

အန္တရာယ်

**ထုတ်ကုန်ကို အသုံးမပြုမီ လက်ကမ်းစာစောင်ကိုဖတ်ပါ။**

### သုံးစွဲရန်အညွှန်း

| သီးနှံ | ဖျက်ပိုး | နှုန်းထား (စီစီ/ဧက) | စီစီ/ရေ (၂၀) လီတာ | သီးနှံရိတ်သိမ်းခွင့်ပြီး စောင့်ဆိုင်းရမည့် ကာလ (ရက်) |
|---|---|---|---|---|
| စပါး (တိုက်ရိုက်အစေ့ချ စပါးနှင့် ပျိုးထောင်စိုက်စပါး) | ဆစ်ပိုး | ၂၀၂ | ၃၅ | ၅၀ |
| စပါး (တိုက်ရိုက် အစေ့ချစပါး) | လေ့ပိုး | ၂၀၂ | ၃၅ | ၅၀ |
| အာလူး | ရွက်ထွင်းပိုး | ၈၀ - ၂၄၀ | ၁၅ - ၄၀ | ၁၄ |
| ကြက်သွန်နီ | ရွက်ထွင်းပိုး | ၁၆၀ - ၃၂၀ | ၃၀ - ၅၅ | ၁၄ |

- ပျိုးထောင်စိုက် စပါးသီးနှံတွင် ပင်ပွားအများဆုံးထွက်ချိန်၌ ပိုးကောင်ကြီးများကို တွေ့စဉ် တစ်ကြိမ်နှင့် ခေါင်နှံမထွက်မီ(၁၄) ရက်အလိုတွင် တစ်ကြိမ် စုစုပေါင်း နှစ်ကြိမ် ဖျန်းပါ။ ဆေးဖျန်းခြားရက်(၁၄)ရက်။
- တိုက်ရိုက်အစေ့ချ စပါးသီးနှံတွင် မျိုးစေ့ပေါက်ပြီး (၇) ရက်အကြာ စပါးပင်အရွက် (၃ - ၄) ရွက်ထွက်ချိန်၌ တစ်ကြိမ်ဖျန်းပါ။ ဆေးဖျန်းခြားရက်(၁၄)ရက်။
- အာလူး နှင့် ကြက်သွန်နီ သီးနှံများတွင် ဖျက်ပိုးတွေ့ချိန်အသုံးပြုရန်နှင့် အများဆုံး (၃) ကြိမ် အသုံးပြုပါ။ ဆေးဖျန်းခြားရက်(၁၀)ရက်။

### ဆေးဖျန်းပြီးနောက် စိုက်ခင်းအတွင်း ပြန်လည်ဝင်ရောက်ချိန်

- ဆေးဖျန်းပြီး ဝင်ရောက်နိုင်သောအချိန် - (၂၄) နာရီအကြာ။